# မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ပြားရွာရှိ ဒေသခံများအား အကြမ်းဖက်စစ်အုပ်စုက အကြမ်းဖက် ဝင်ရောက်စီးနင်းခဲ့မှုကြောင့် နားမကြားရသည့် မသန်စွမ်းပြည်သူ နှင့် (၃)နှစ် အရွယ် ကလေးငယ် အပါအဝင် ပြည်သူ(၆) ဦးသတ်ဖြတ်ခံရသည့် ဖြစ်စဉ်

နိုဝင်ဘာလ (၇) ရက် ၂၀၂၃ ခုနှစ်

# ကျူးလွန်သည့် သူများ

## အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံတပ်သားအင်အား(၇၀)ကျော်



အကြမ်းဖက်စစ်တပ်မှ ပြည်သူများအား သတ်ဖြတ်၍ နွားချေးပုံတွင် မြှုပ်နှံခဲ့သည့် သက်သေမှတ်တမ်း

### ဖြစ်ပွားသည့်နေရာ

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ပြားရွာ

### အကြမ်းဖက် စစ်သားများ၏အင်အားနှင့် လှုပ်ရှားပုံ

- ✓ နိုဝင်ဘာလ(၇) ရက်နေ့ နံနက် (၅) နာရီ (၄၀)မိနစ် အချိန်တွင် နွားထိုးကြီးမြို့နယ်၊ ပဲကြီးခင်းမှ ကုန်းကြောင်းဖြင့် ထွက်ခွာလာသည့် အကြမ်းဖက်စစ်အုပ်စု အင်အား (၃၀)ကျော်နှင့် ဒေသ ကာကွယ် ရေး တပ်များ သည် ပြားရွာနှင့် (၂) မိုင်ဝေးသည့် နေရာတွင် ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့။
- ✓ ထို့နောက် ပြားရွာထိပ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်သည့်အပြင် မြင်းခြံဘက်မှ စစ်ကူလာသည့် four wheel ကား(၂) စီးနှင့် light truck ကား(၁)စီးတို့ ပူးပေါင်းကာ အကြမ်းဖက်စစ်အုပ်စု၊ ရဲနှင့် ပျူစောထီး ပူးပေါင်း **အင်အား (၇၀) ကျော်ဖြင့်** ပြားရွာအတွင်း ဝင်ရောက်စီးနင်းခဲ့။

# ဖြစ်စဉ်အကျဉ်း

## ၀၁ နိုဝင်ဘာလ(၇) ရက်၊ ၂၀၂၃

စစ်ကြောင်းထိုးလာသဖြင့် ပြည်သူများ ဘေးလွတ်ရာ ပြားရွာ နှင့် ၂မိုင်ခန့်ကွာသည့် ကွမ်းခြံတောများ သို့ထွက်ပြေးတိမ်းရှောင်စဉ် အကြမ်းဖက်စစ်အုပ်စုရောက်ရှိလာကာ ကလေးချီထားသည့် ပြည်သူ(၁)ဦးအား အကြောင်းမဲ့ပစ်ခတ်-မိခင်ဖြစ်သူ ပုခုံးရှပ်ထိဒဏ်ရာရပြီး (၃)နှစ်အရွယ်သမီးဖြစ်သူ ဦးခေါင်းထိမှန်ကာ ပွဲချင်းပြီးသေဆုံးခဲ့။

## ၀၂ နိုဝင်ဘာလ(၇)ရက်၊ ၂၀၂၃


ထို့နောက် ပြားရွာအတွင်းမှ ဖမ်းခေါ်လာသည့် မောင်ကျော်မင်းသန့်၊ ပြားရွာ ဘုန်းကြီးကျောင်းမှ ဖမ်းခေါ်လာသည့် ကိုရဲဝင်း၊ မောင်ထက်မြတ်တို့အပြင် ကွမ်းခြံတော(ကွမ်းခြံကုန်းတဲ)မှ ဖမ်းဆီးလာသည့် ကိုဂျစ်တူး(နားမကြားရသူ)၊မောင်ပြည့်ဖြိုး စုစုပေါင်း (၅) ဦးအား လည်လှီးသတ်ဖြတ်ကာ နွားချေးပုံအတွင်း မြှုပ်နှံထားခဲ့၊ အလောင်းများကို နိုဝင်ဘာလ (၈) ရက်နေ့တွင် ပြန်လည်တွေ့ရှိခဲ့။

## ၀၃ နိုဝင်ဘာလ(၈)ရက်၊ ၂၀၂၃

အကြမ်းဖက်အုပ်စုသည် ပြားရွာ ရေလယ်ဘုန်းကြီးကျောင်းတွင် တညအိပ် တပ်စွဲကာ မြောက်ဘုန်းကြီးကျောင်းတွင် ပုန်းရှောင်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကို ဓားစာခံအဖြစ် ၎င်းတို့ တပ်စွဲရာ ရေလယ်ဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်ခဲ့၊ ပြားရွာရှိ လူနေအိမ် (၃၇) လုံးကို မီးရှို့ဖျက်စီးကာ- ရွာတောင်ပိုင်း (၇) ဖာလုံခန့်ဝေးသည့် ခံစပ်ကုန်းကျေးရွာသို့ ထွက်ခွာသွားခဲ့။



# အကြမ်းဖက်စစ်အုပ်စုကြောင့် သေဆုံး/ဒဏ်ရာရ ပြည်သူများအား ကျားမခွဲခြားမှုနှင့် အသက်အပိုင်းအခြားလိုက်ဖော်ပြချက်




*ပြည်သူ (၆) ဦးသေဆုံး၊ (၁)ဦးဒဏ်ရာရ၊ နေအိမ် (၃၇၀) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်အုပ်စုသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင်လည်း ပြားရွာရှိ ပြည်သူပိုင် နေအိမ် (၆၇)လုံးအားလည်း မီးရှို့ဖျက်စီးခဲ့ပြီးဖြစ်သည်။*

# အကြမ်းဖက်စစ်အုပ်စု၏ စစ်ကြောင်းထိုးတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူတို့၏ အချက်အလက်များအား ဇယားဖြင့်ဖော်ပြခြင်း

| စဉ် | အမည် | အသက် | လိင် | မှတ်ချက် |
|---|---|---|---|---|
| ၁ | မဟေမာ (အမည်လွှဲ) | (၃)နှစ် | မ | **ဦးခေါင်းထိမှန် သေဆုံး** |
| ၂ | မောင်ထက်မြတ် | (၁၆)နှစ် | ကျား | သေဆုံး |
| ၃ | မောင်ပြည့်ဖြိုး | (၁၉)နှစ် | ကျား | သေဆုံး |
| ၄ | မောင်ကျော်မင်းသန့် | (၂၀)နှစ် | ကျား | သေဆုံး |
| ၅ | ကိုဂျစ်တူး | (၃၉)နှစ် | ကျား | **သေဆုံး (နားမကြား)** |
| ၆ | ကိုရဲဝင်း | (၄၀)နှစ် | ကျား | သေဆုံး |
| ၇ | ဒေါ်မေနှင်း (အမည်လွှဲ) | - | မ | **ပုခုံးဒဏ်ရာရ** |

# အကြမ်းဖက်စစ်အုပ်စု ပြည်သူများအား သတ်ဖြတ်ကာ နွားချေးပုံတွင် မြှုပ်နှံခဲ့သည့် နေရာနှင့် မှတ်တမ်းများ





# WARCRIMES





# OF JUNTA

ရရှိထားသောအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများသည် မြေပြင်မှပေးပို့သည့် အချက်အလက်များအား တင်ပြခြင်းဖြစ်ပါသည်။